## ၁၂။ တူတူပုန်း

သံသရာဝင်္ဂထဲ
မကျွတ်ဘဲနေနေ
ဇွတ်ဆွဲလို့တပေပေငယ်
သေပစေခင်ရဲ့၊
နိဗ္ဗာန်မြို့ အမြိုက်ခွင်ကို
မလိုက်ချင် ရုန်းကန်လို့ဖွဲ့။

နှစ်ယောက်ထဲစံပါ့မယ်
ကံ နှစ်ဖြာနယ်လှဲ့
သံသရာ အကျယ်ချဲ့ပါလို့
တလယ်လယ့် မောင်မယ်၊
ဂင်္ဂါဝါ ဆူဆူဆုံးစေတော့
ထူတူပုန်း ပုန်းဖို့သာရှယ်။

တေဘုမ္မ ဝင့်နန်းလယ်မှာ
ကျွတ်တမ်းကွယ် စာမလိတ်ချင်ဘု
အဝါဓိတ် မှိုင်းမှောင့်ညစ်ပေ
ရိုင်းခေါင့်ဖြစ်စေ။

နောက်ချန်၍ အပိုနေမယ်
နှစ်ကိုယ်ရေ ပျော်စမ်းချင်လို့လေး။ ။

တေးထပ် ဦးပုည

# ၁၃။ သူ့ကိုဇော်းသင့်မယ်

မပြုမပြင် ပင်ကိုလှ
ယဉ်ဆိုသမျှ ယဉ်ထက်ယဉ်
ယဉ်မျိုးစတဲ့ ကြော့သူခင်ရယ်
ရွှေဖော့ရုပ်သွင် စံတန္နုန်း။

တုမန္နိုင်းနှင့် လူ့တိုင်းလယ်မှာ
သူ့ဂိုဏ်းသင့်မယ် ဆိုလောက်ပေငဲ့ဘုန်း။

ရွှေရင်မောက်နှင့် ခြောက်ပြစ်စင်
နှစ်ယောက်မမြင် ပြိုင်လျှင်ရှုံး
ပြုံပုံ မူပုံ မတူတုန်းမို့
သူတစ်နိဂုံးချုပ်လို့ယဉ်၊
သားနုပျိုပျို ကိုယ်ဟန်နွဲ့နှင့်
ဆိုရန်စာဖွဲ့ မဆုံးနိုင်သည်ပင်။

မေတ္တာရောက်လို့ မြှောက်တယ်ထင်ရင်
မျက်မှောက်မျက်မြင် ရှုလိုက်စမ်းကြ
ယဉ်ပန်း ယဉ်လှ ယဉ်မြကေခိုင်
ယဉ်မျိုးသူကလှိုင်။

တစ်ရံတွေ့မို့ မေ့လို့မှိုင်တယ်
မတွေးတဲ့နိုင် သေဖောငင်လို့လေး။ ။

နတ်ပြည်ခြောက်သို့ အရောက်ကျော်တယ်
သူဇာ့လေးဖော် မိဘူးဆိုစို့လေး။ ။

ရှင်သိကြားမှ ထင်ရှားမျှော်တယ်
နန်းအထောက်တော် ထောက်အုံးမပျက်တဲ့လေး။ ။

ထပ်တွန့်တေးထပ် ဦးပုည

## ၁၄။ ပန်းချီမနိုင်

ရွှေပြဒ့် ကြာအချပ်ကိုလ
လေအဟုန် လာ၍ခတ်စဉ်က
ကညာနတ်ထွက်ခဲ့တယ်။

သနွှေဖွားဟာမို့
ရွှေသားကို ပန်းချီပြင်၍
သည့်ခင်လို စုတ်တံနှင့်ရေးသော်လည်း
ဆေးရနိုင်ဖွယ်။

စခန်းနော် လိုရာကွန့်နိုင်တဲ့
မန်းပေါ်မှာ ကိုကြာညွန့်သော်မှ
ရွှ့ပါလိမ့် သူ့နီကာယ်လို
ရှိတယ်လို့ ဟုတ်ပြီဘူး။

တစ်ပါးဟာန်
သိကြားရယ် မကြာဖန်တော့
ကွာရန်မှာ တူမည်ဝေးပါငဲ့
တို့တစ်မေ ခင်ခင်လေးမှာကွယ်
ရှေးကုသိုလ်ထူး။ ။

လေးချိုး အချုပ်တန်းဆရာဖေ

# ၁၅။ မောင်ကြီးတို့ ပျော်စံရာ

မလွမ်းရှေ့သော်ကော
ကျွန်းမော့နှင့် နောက်ခွင်မှာ
မှူးရေယဉ် လက်ယာစီးပါလို့
မောင်ကြီးတို့ ပျော်တဲ့ရွာ
မြောက်ညာနှင့် တောင်စွယ်လက်ကယ်က
ဆင်းနှစ်ဖက် ကာတယ်လေး။

တစ်ခေါက်ကယ် လမ်းဆုံ
ရွာသဘောကို ပြောမယုံသော်
ကြုံလျှင်ဝင်ခဲ့ပါလားနော် အဝေး။

နှမပြာဖြူ
ရောက်တော်မူလျှင်
မပူချမ်းငြိမ်
အခြင်ရယ် မြေနီး
ထန်းရွက်ကယ် စည်းပါတဲ့
မောင်ကြီးအိမ်မှာ
စည်းစိမ်ငယ်ခံ
ဟင်းချဉ်ပေါင်ဖက်
ပြုတ်ဘူးရွက်နှင့်
ပိချက်ရေ ရံပြီးလျှင်
ဆန်မှုရင်း ရဲကျော်ကို
ဝန်ကတော်ပုံလောက်ပြေးအောင်
ကျွေးပါ့မယ်လေး။ ။

လွမ်းချင်း ဦးကြီး

## ၁၆။ ကောင်းခြင်းငါးဖြာ

ရောင်မျိုးစုံ ထွက်ကာပွင့်
ယှက်ဖြာဆင့်ကြွစို
စကြာမင့် မြအညိုလို
လှနဂို မျက်လုံး၊
ကြည့်လိုက်တိုင်း အစဉ်ချိုတယ်
သမင်ပျို သောကြာကရှုံး။

သုံးရက်လ ပမာတန်
မဟာဆန်မျက်ခုံး
ခရာဟန် တစ်ချက်ပြုံးလိုက်တော့
တစ်သက်လုံးမေ့နိုင်၊
ရွှေနှာတံ ပေါ်ထင်လိုက်တာက
တော်ဝင်ထိုက် နန်းသူ့ကေခိုင်။

ရွှေရည်စိမ့် လဲဝါခိုင်လို
ဝဲယာပြိုင် နှစ်ဖက်ပါးရယ်နှင့်
မျက်နှာထား ဝင်းပြည့်ထိန်ကြည်
ရှုန်းအိသိင်္ဂီ။

ကောင်းငါးရပ် ပြည့်ညီတယ်
ဇီရဏီ ခင်လေးကွဲ့လေး။

တေးထပ်　　　　လယ်တီပဏ္ဍိတ ဦးမောင်ကြီး

## ၁၇။ ဝံသာနု အထည်ဘွဲ့

ကမ္ဘာတွင် မြန်မာမျိုးတို့
ဓမ္မတာအမျိုးအမည် ဖျင်ပင်နီနှင့်
ဆင်ထဘီ တဘက်ကြမ်းတို့ကို
ရက်ကန်းတွင် လွန်းပြန်ထိုးပါလို့
ပန်းဆိုးကာ ကိုယ်စီဝတ်ကြရ
မိုးစွတ်နှင့် နေပူခံ။

သရက်ထည် နီအပြာနှင့်
ကတ္တီပါ ပလီပလာကြဲ့လို့
အီတာလျံ ဂျာမန်ကလုပ်ခဲ့တဲ့
ပိတ်အုပ်တွေ ချည်တွေဆိုက်ပြန်တော့
ငွေပိုက်ဆံ ပုံကာနှင်းပါလို့
လုံကွင်းတွေ ဆင်ထဘီနှင့်
ပိတ်အင်္ကျီ ဖြူဖြူလွလွတို့ကို
တစ်လဆယ်ထည် ချုပ်နိုင်ရဲ့
မလုပ်ချင် ဝယ်လို့ပေါသည်ဟု
ရယ်မောကာ မိန်းမတွေတို့
ငြိမ်းပေကြပြန်။

ပြောကြသည့် စကားပုံကတော့
ပေါလှသည့်ကုန်ဟာ ရှားသည်ဟု
ရှားတဲ့ကုန် တစ်ဖန်ပေါပြန်တော့
သဘော်ချည် ရှံချည်ထုပ်ကဲ့ပြင်
အပ်ချုပ်ရန် အပ်ချည်လုံးကိုမှ
လွယ်တကူ ဝယ်ယူလို့မသုံးနိုင်ဘု

နယ်လုံးကျွတ် တို့နိုင်ငံ
မြို့ခရိုင်မကျန်ပ ခက်စတောင်း။

ယာပြင်မှာ ဝါပင်တွေကြဲမိရင်
တာရဲတွေ ဆွေတရုတ်တို့က
ငွေထုပ်ကာ ကိုယ်စီငှားကြလို့
ပွဲစားတွေ ဝယ်ယူလာကြရ
မှုလျှာ ဖျင်တဘက်ကိုမှ
တင်ပခွက်လုံအောင် မဖုံးနိုင်ဘ
သက်ဆုံးတိုင် ရှည်ကြာနေကြရ
သည့်ဝါတွေ တစ်ပြည်တစ်ရွာသို့ဖြင့် မရောင်းကြပါနှင့်
ရင်းဝါအထည်ဖြစ်တော့ကမှ
ချည်ရှစ်ဆယ် အစိတ်ပေးရလိမ့်
ပိတ်ဈေးမှာ အလွန်တိုသောကြောင့်
အရင်လို မဝယ်နိုင်၍
ပိတ်အကျီ လျှိုမစွပ်ရပေဘ
ကိုယ့်အဝတ် ကိုယ်ရှိသေလို့
မိန်းမတွေ အငြိမ်းမနေကြစမ်းပါနှင့်
ရက်ကန်းမှာ ဗိုင်းဝါအလုပ်ကိုဖြင့်
အများတကာကို အားမနာလို့မဟုတ်ပါဘ
အသွားအလာ ခါးဗလချာမစုတ်ရအောင်လို့ကွယ်
အားထုတ်ဖို့ကောင်း။

သံချို မောင်းထောင်ဦးကျော်လှ

ဆွဆွစွင့်စွင့်၊ လန်းလန်းတင့်၍
အပွင့်ရှပျော်ပေတော့သည်။
ဘယ်ပန်းမတူ၊ ရနံ့ကြူဟု
ရှင်လူနှစ်သက်၊ နတ်စုံမက်သည်
ဝင်းလက်ကြည်သာ၊ "ပန်းသဒ္ဒါ"မှု
လဝါမခံ၊ နေလျှံမထွေး
မိုးအေးမဖျန်း၊ နှင်းမသန်းလည်း
ညိုးမြန်းမဲ့ပါ၊ သိုက်မြိုက်စွာလျှင်
ဘယ်ခါမလပ်၊ ပြုံးရောင်ဟပ်လျက်
မြင့်မြတ်မှုယူ၊ ရွှင်စေဟူသို့
ပျူငှာသားနား၊ ထွားရရားနှင့်
ငွားငွားစွင့်စွင့်၊ လန်းလန်းတင့်၍
အပွင့်ရှပျော်ပေတော့သည်။ ။

လေးလုံးစပ်လင်္ကာ — တက္ကသိုလ် – မောင်သန့်စင်

## ၁၉။ ရွှေခေတ်ပုဂံပြည်

မောင်တို့ ကြားကုန်လော့
မယ်တို့ ကြားကုန်လော့
ရှေးဖျား ပုဂံမြေမှာဖြင့်
မြန်မာတတွေမှာ ရတနာရွှေငွေ အပေါင်းငဲ့ပြင်
မင်းကောင်း နော်ရထာတဲ့
မော်စရာ ဟိုတစ်ခေတ်ကိုဖြင့်
ဉာဏ်သစ်ကာ တရှင်ရှင်နဲ့
ဘဝင်မှာ အမြင်မှန်းကာပေါ့
တမ်းတ၍ ကြည်ညိုပါ။

... သြော် ပြေမြန်မာ ခေတ်ထူး
ရာဇဝင်မှာ၊ စာတင်လို့ကျူးခဲ့ကြ
ငထွေးရှူးလုံးလက်ဖယ်
ညောင်ဦးနယ် ကိုရွှေဖီး
ရွှေထီးလောင်း မင်းကျန်စစ်
ထီမထင်အောင်၊ ပြည်ခွင်ကိုချစ်ခဲ့ကြ
ရဲစစ်တပ် ခြံအရံ၊ မြန်မာနယ့်တရိုး
ရန်ထိုထိုကို၊ ရန်လိုလျှင် ချိုးခဲ့၍
မြို့ရိုးမြင့်ပြေပုဂံ၊ ရဲစစ်တပ်အပြန်မှာ။ ...

အောင်လံတွေ ရောင်ပျံမြူးကာပါ့
တပ်ဦးမှာ တချီချီနဲ့
အောင်ရွှေစည်အောင်သံညွှင်းလိုက်တော့
ပြည်တွင်းမှာ ညံဆူဆူနဲ့
ကျန်ရစ်သူ ပုဂံသားတို့မှာလ
အားတက်ကြမှာ။

... လာစမ်းဟဲ့ မေ့သား
အမယ်မင်းထွားလိုက်တာ
စစ်သားကြီးလုံးလုံး၊ ဗိုလ်မှူးကြီးရှုံးလောက်ရဲ့
ပခုံးနဲ့လက်ပြင်၊ ကြောခြင်ကသံချောင်း
တစ်နှစ်တွင်းမှာ၊ ချက်ချင်းပဲပြောင်းရော့
ကောင်းလိုက်ပေ့ မေ့သား
ဤဇမ္ဗူ၊ တလူရှားလောက်ရဲ့
မယ်ဘွားမှာလေ
ပန်းသပြေနှင့် ညောင်ရေသွန်းလောင်း
ပြည်ကြီးရှင် အနိုင်ရလို့
ငါ့သားလှ ပြန်လာကြောင်းကို

နေ့တိုင်းပဲ ဝေဟာင်းရတယ်
အမယ်မမ
သားလှတွက်တာ၊ နောင်များဖြင့်မှုပါနဲ့
ပုဂံမှာမွေး၊ ပုဂံသွေးမို့
အလေးမမှု၊ အသက်ပင်လှူခဲ့ပေါ့
ပြည်သူ့သက်စွန့်၊ လက်ရုံးအင်သည်တအားနဲ့
ဘယ်တိုင်းခြား ဝံ့မတုံးတဲ့။ ...

ယာလက်ရုံးငဲ့ပြင်
နှလုံးမှာဖြူစင်ကြယ်နဲ့
လှတွင်ကျယ် ပုဂံသားတွေတို့
ကိုယ့်အားကိုကိုယ်ယုံကိုးကာပေါ့
ကိုယ့်မျိုးဂုဏ်တမာန်တက်ပေလိမ့်
ခေါ်ထက်တဲ့ ပုဂံမှာ
မြန်မာတို့ခေတ်ဟောင်း။

... စေတီနဲ့တန်ဆောင်း
ဆည်ချောင်းနဲ့စပါးနှံ
ရွှေပေါက္ကံပြည်တစ်ကြောမှာ
ပေါချင်တိုင်းပေါတဲ့ပြင်
ဝပြောတဲ့သာသနာ
ခေါင်းလောင်းသံညံမစဲရယ်နဲ့
ပုဂံပွဲသာလွန်းလို့
လာသူလာ သွားသူသွား
လယ်တွင်းသား ပြည်တော်သား
အသည်သား မင်းမှုထမ်း
တစ်စိတ်ဝမ်း တစ်လက်ညီ
ပြည်ရေးကို ပြိုင်တူချီကြတော့

ပြည်တော်မြတ်ပုံတင်သံ
ဘဝင်ကပြန်ပါရော။...
တရားငယ်မှန်
ရှင်မြတ်ကယ် ထေရ်အရဟံနဲ့
ပြေပုဂံနော်ရထာဖုန်းငုံ့ပြင်
ပြည်လုံးညီညာတော့
ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့ ဝင်းခဲ့သတဲ့
သည်မင်း သည်ပြည်ထောင်ဖြင့်
မလေးမောင်ချစ်မငြီးနိုင်ဘူး,
ရွှေစည်းခုံ ခြေတော်ရင်းဆီက
ခေတ်ဟောင်းစံ ပုဂံသီချင်းကိုဖြင့်
ညွှင်းဆိုခဲ့ကြောင်း။

စကားပြေညှပ် သံချို — ဇော်ဂျီ

## ၂၀။ သာသည့်မြေသို့

အလှထူးပါဘိ
မြဖူးပြာအင့်နဲ့
လွှာရုံမှာ ညာစုံကျင်းရော့ထင့်
ဖြူဝင်းငွေမှုန်လွှာတို့
လေယူရာ ရနံ့ညင်း
သင်းပျံ့ခဲ့ သူ့ခြံမှာ။

ငါ့ခြံကြည့်ပြန်တော့
မချိပူပွေဖြာခဲ့
မြေပြာမှာ နေစာမတင့်နိုင်ဘူး,
ကြည်စရာ နီဝါတွေလည်း မပွင့်လေတော့
စိမ်းရင့်ရောင်နွယ်ချုံပုတ်တွေက

ရှုပ်ထွေးကာလိမ်ခွေရက်
အားပျက်စရာ။
သူ့စခန်း
သာဆန်း ရဂုံသွင်မို့
ငါလှမ်းကာခိုဝင်လို့
ပြာငွေစင် ကြိုင်ပျံ့ရှားပါတဲ့
ပွင့်ငုံဆင် ပင်တွေကြားမှာလ
လျှောက်သွားကာ ပျော်လိုလှပါဘိ
မြရောင်စို သည်မြက်ခင်းရယ်နဲ့
ညင်းလေခို သစ်ညိုရိပ်မှာဖြင့်
လျောင်းအိပ်လို့ တစ်ကိုယ်သာ
ရှင်ပါချင့်စိတ်ထဲ။

သို့လည်းလေ
မသင့်မလျော်ပေဘူ့
ငါ့ခြံမြေဥယျာဉ်နန်းဟာလည်း
လှလေသည် သာစခန်းပေပေါ့
စိတ်ပန်းကို သည်လိုဖြေလို့
ကျက်သရေ တက်နေဝင့်အောင်လ
ငါ့ခြံမြေ အခြေမြှင့်ချင်ငဲ့
သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်
ငါ့မြေမှာ နီဝါတင့်ရမပေါ့
အခွင့်အခါမျှော်လို့
ဥယျာဉ်တော်သာယာ ရေးကို ပ
ရှုမြင်မျှော် ခါခါတွေးပါပေ့
မနှေးပင် အားအင်ထုတ်လို့ရယ်
ပေါင်းနုတ်ဖို့ခဲ။